**လေ့ကျင့်ရန်**

၁။ ရွှေ ၁ ကျပ်သားသည် ၁၇၀၀၀၀ ကျပ်ဈေးဖြစ်နေသည်။ အောက်ပါတို့အတွက် ကုန်ကျငွေတွက်ပါ။

(က) ရွှေ ၅ မူးသားဖိုး
(ခ) ရွှေ ၁ မတ်သားဖိုး
(ဂ) ရွှေ ၁ မူးသားဖိုး
(ဃ) ရွှေ ၁ ပဲသားဖိုး
(က) ရွှေ ၁ ရွေးသားဖိုး

၂။ မြမြသည် မောင်းကွင်းလက်စွပ် တစ်ကွင်းလုပ်ရာ လက်စွပ်ရွှေအလေးချိန်မှာ ၂ ပဲ ၄ ရွေးရှိ၏။ လျော့ရွှေ ၂ ရွေးနှင့် လက်ခ ၃၅၀ ကျပ်ပေးရ၏။ ရွှေတစ်ကျပ်သား တန်ဖိုး ၁၇၀၀၀၀ ကျပ်ဖြစ်သော် ထိုလက်စွပ်အတွက် မြမြ မည်မျှပေးခဲ့ရမည်နည်း။

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကိန်းဖတ်၊ ကိန်းရေး လေ့ကျင့်ခြင်း (၀-၅) | ၁ |
| ၂။ | သင်္ချာ သင်္ကေတများနှင့်အပေါင်း | ၂ |
| ၃။ | အနုတ် | ၃ |
| ၄။ | ကိန်းဖတ်၊ ကိန်းရေး လေ့ကျင့်ခြင်း (၆-၁၀) | ၄ |
| ၅။ | ၁ မှ ၁၀ ထိ ကိန်းများ | ၆ |
| ၆။ | ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်) | ၇ |
| ၇။ | ကိန်းဖတ်၊ ကိန်းရေး လေ့ကျင့်ခြင်း (၁-၉၉) | ၈ |
| ၈။ | ကိန်းစနစ်ကို လေ့ကျင့်ခြင်း | ၉ |
| ၉။ | ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်) | ၁၀ |
| ၁၀။ | အမြှောက် | ၁၁ |
| ၁၁။ | အစား | ၁၃ |
| ၁၂။ | ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်) | ၁၅ |
| ၁၃။ | ပုစ္ဆာတွက်ခြင်း (အမြှောက်) | ၁၈ |
| ၁၄။ | ပုစ္ဆာတွက်ခြင်း (အစား) | ၂၀ |
| ၁၅။ | နေ့စဉ်သုံး သင်္ချာ | ၂၁ |

* ၁ ပဲသားတန်ဖိုး = $\frac{၂၀၀၀၀}{၂}$ = ၁၀၀၀၀ ကျပ်

* ၂ ရွေးသားတန်ဖိုး = $\frac{၁၀၀၀၀}{၄}$ = ၂၅၀၀ ကျပ်

* ၁ ရွေးသားတန်ဖိုး = $\frac{၂၅၀၀}{၂}$ = ၁၂၅၀ ကျပ်

|  |  |
|---|---|
|  | ၈၀၀၀၀ ကျပ် |
|  | ၁၀၀၀၀ ကျပ် |
|  | ၂၅၀၀ ကျပ် |
| + | ၁၂၅၀ ကျပ် |
| ရွှေ ၅ မူး၊ ၁ ပဲ၊ ၃ ရွေး၏တန်ဖိုး = | ၉၃၇၅၀ ကျပ် |

ငွေ ၁၀၀၀၀၀ ကျပ်ပေးသော် မည်မျှပြန်အမ်းမည်နည်း။

|  |  |
|---|---|
|  | ၁၀၀၀၀၀ ကျပ် |
| - | ၉၃၇၅၀ ကျပ် |
| ပြန်အမ်းငွေ = | ၆၂၅၀ ကျပ် |

**ရွှေဈေးကွက်**

| | | |
|---|---|---|
| ၁ ကျပ်သား | = | ၂ ငါးမူး |
| ၁ ငါးမူး | = | ၂ မတ် |
| ၁ မတ် | = | ၂ မူး |
| ၁ မူး | = | ၂ ပဲ |
| ၁ ပဲ | = | ၄ ရွေးကြီး(၄ပြား) |
| | = | * ၈ ရွေး (ရွေးလေး) |

* ယခုအခါ ရွေးလေးကိုသာ အသုံးများကြသည်။

ရွှေတစ်ကျပ်သားသည် ၁၆၀၀၀၀ ကျပ်ပေးရ၏။
ရွှေ ၅ မူး၊ ၁ ပဲ၊ ၃ ရွေး (ရွေးလေး)အတွက် ကျသင့်ငွေကိုတွက်ပေးပါ။

ရွှေ ၁ ကျပ်သားတန်ဖိုး = ၁၆၀၀၀၀ ကျပ်

*ရွှေ ၅ မူးသားတန်ဖိုး = $\frac{၁၆၀၀၀၀}{၂}$ = ၈၀၀၀၀ ကျပ်

၁ မတ်သားတန်ဖိုး = $\frac{၈၀၀၀၀}{၂}$ = ၄၀၀၀၀ ကျပ်

၁ မူးသားတန်ဖိုး = $\frac{၄၀၀၀၀}{၂}$ = ၂၀၀၀၀ ကျပ်




## အခန်း(၁)

### ကိန်းဖတ်၊ ကိန်းရေး လေ့ကျင့်ခြင်း

၁။ ရွတ်ဆိုပါ။ ရေးပါ။

| | | |
|---|---|---|
| | | ၀ |
| ♣ | ၁ | ၁ |
| ♣ ♣ | ၂ | ၂ |
| ♣ ♣ ♣ | ၃ | ၃ |
| ♣ ♣ ♣ ♣ | ၄ | ၄ |
| ♣♣♣♣♣ | ၅ | ၅ |

၂။ ရေတွက်၍ ဆိုင်ရာကိန်းကိုရွေးပါ။

| | |
|---|---|
|  | ၁ ။ ၃ ။ ၅ |
|  | ၅ ။ ၂ ။ ၄ |
| ♥ ♥ | ၂ ။ ၃ ။ ၁ |
| y | ၃ ။ ၄ ။ ၁ |
|  | ၂ ။ ၃ ။ ၅ |

## အခန်း(၂)

## “ သင်္ချာသင်္ကေတများနှင့် အပေါင်း ”

**သင်္ချာသင်္ကေတများ**

+ ပေါင်းပါ။ ပိုများလာ၏။ - နုတ်ပါ။ လျော့နည်း၏။

× မြှောက်ပါ။ အဆတိုး၏။ ÷ စားပါ။ အဆလျော့၏။

= ညီမျှ၏။ တူညီ၏။

၀၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ တို့သည် ဂဏန်း(သို့မဟုတ်)ကိန်းသင်္ကေတများဖြစ်သည်။

### အပေါင်း

၁။ ပေါင်းပါ။

(က) ၁ + ၁ =

(ခ) ၃ + ၁ =

(ဂ) ၄ + ၁ =

(ဃ) ၂ + ၂ =

(င) ၃ + ၂ =

(စ) ၁ + ၁ = ____

(ဆ) ၃ + ၁ = ____

(ဇ) ၄ + ၁ = ____

(ဈ) ၂ + ၁ = ____

၂။ ကွက်လပ်ဖြည့်ပါ။

(က) ၁ + ----- = ၅

(ခ) ၂ + ----- = ၅

(ဂ) ----- + ၃ = ၅

(ဃ) ----- + ၄ = ၅

၃။ ဖတ်ပြသောမေးခွန်းများကို ကိန်းဖြင့်ရေးပါ။

(က) နွား ၁ ကောင်ရှိ၏။ နောက် ၁ ကောင်ထပ်ဝယ်သော် စုစုပေါင်း နွား ဘယ်နှစ်ကောင်ရှိသလဲ။

(ခ) စပါး ၃ ကေစိုက်ထား၏။ နောက် ၂ ကေထပ်၍စိုက်သော် စိုက်ကေ ဘယ်လောက်ရှိသလဲ။

(ဂ) ဝါး ၄ လုံးရှိသည်။ ဝါး ၁ လုံးထပ်၍ဝယ်သော် ဝါးဘယ်လောက် ရှိလာသလဲ။



## ပြက္ခဒိန်

**၁၃၇၅ ခုနှစ်၊ ဝါခေါင်/တော်သလင်း** **September 2013**

| တနင်္ဂနွေ SUN | တနင်္လာ MON | အင်္ဂါ TUES | ဗုဒ္ဓဟူး WED | ကြာသပတေး THURS | သောကြာ FRI | စနေ SAT |
|---|---|---|---|---|---|---|
| ၁၁ 1 | ၁၂ 2 | ၁၃ 3 | ● ဝါခေါင်လကွယ် 4 | ၁ တော်သလင်းလဆန်း 5 | ၂ 6 | ၃ 7 |
| ၄ 8 | ၅ 9 | ၆ 10 | ၇ 11 | ၈ 12 | ၉ 13 | ၁၀ 14 |
| ၁၁ 15 | ၁၂ 16 | ၁၃ 17 | ၁၄ 18 | ○ တော်သလင်းလပြည့် 19 | ၁ တော်သလင်းလဆုတ် 20 | ၂ 21 |
| ၃ 22 | ၄ 23 | ၅ 24 | ၆ 25 | ၇ 26 | ၈ 27 | ၉ 28 |
| ၁၀ 29 | ၁၁ 30 | | | | | |

အထက်ပါ ပြက္ခဒိန်သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလကိုပြသည်။
ထိုလတွင် ရက်ပေါင်း ၃၀ ရှိကြောင်းတွေ့ရသည်။
တနင်္ဂနွေနေ့ ကျရောက်သောရက်များမှာ စက်တင်ဘာ ၁ ရက်၊
၈ ရက်၊ ၁၅ ရက်၊ ၂၂ ရက်နှင့် ၂၉ ရက်တို့ဖြစ်သည်။
တနင်္ဂနွေနေ့ ကျရောက်သောရက်ပေါင်း (၅)ရက် ရှိသည်။
စက်တင်ဘာလ ၂၁ ရက်နေ့သည် စနေနေ့ဖြစ်သည်။
ဝါခေါင်လဆုတ် ၁၂ ရက်သည် တနင်္လာနေ့ဖြစ်သည်။
တော်သလင်းလဆန်း ၁၄ ရက်သည် ဗုဒ္ဓဟူးနေ့ဖြစ်သည်။

## အချိန်ကြည့်ခြင်း

| | | | |
|---|---|---|---|
| ၃ နာရီ | ၆ နာရီ | ၉ နာရီ | ၁၂ နာရီ |
| ၃ နာရီ ၅ မိနစ် | ၃ နာရီ ၁၀ မိနစ် | ၃ နာရီ ၂၀ မိနစ် | ၃ နာရီ ၄၅ မိနစ် |
| ၄ နာရီ ၁၀ မိနစ် ၅ စက္ကန့် | ၄ နာရီ ၁၀ မိနစ် ၁၅ စက္ကန့် | ၄ နာရီ ၁၀ မိနစ် ၃၅ စက္ကန့် | ၅ နာရီ ၁၀ မိနစ် ၄၅ စက္ကန့် |



## အခန်း(၃)

### အနုတ်

| အနုတ်(-)သည် လျော့သွားခြင်းကိုပြသည်။ | |
|---|---|
| ဥပမာ ၅ - ၁ = ၄ (///// , /) | ၅ - ၁ = ၄ |
| မည်မျှကျန်သည်၊ မည်မျှလျော့သည်၊ နည်းသည်ကိုသိလိုလျှင်နုတ်ပါ။ | |

၁။ နုတ်ပါ။

(က) ၅ - ၁ = (စ) ၄ - ၂ =
(ခ) ၅ - ၂ = (ဆ) ၄ - ၃ =
(ဂ) ၅ - ၃ = (ဇ) ၃ - ၂ =
(ဃ) ၅ - ၄ = (ဈ) ၂ - ၁ =
(င) ၄ - ၁ = (ည) ၁ - ၁ =

၂။ စပါး ၅ ကေစိုက်ထား၏။

(က) ၁ ကေရိတ်ပြီးသော် ရိတ်ရန် ကေ မည်မျှကျန်သနည်း။
၅ - ၁ = ၄
(ခ) ၂ ကေရိတ်ပြီးသော် ရိတ်ရန် ကေ မည်မျှကျန်သနည်း။
(ဂ) ၃ ကေရိတ်ပြီးသော် ရိတ်ရန် ကေ မည်မျှကျန်သနည်း။
(ဃ) ၄ ကေရိတ်ပြီးသော် ရိတ်ရန် ကေ မည်မျှကျန်သနည်း။

၃။ ဘဲ ၅ ကောင်ရှိသည်။ ဘဲ ၁ ကောင်သေသွားသော် ဘဲဘယ်နှစ်ကောင်ကျန်သနည်း။

၄။ ကား ၅ စီးရှိသည်။ ကား ၅ စီးလုံးရောင်းလိုက်သော် ကားဘယ်လောက်ကျန်သနည်း။

၅။ မုန့် ၂ ကျပ်ဖိုးဝယ်ရာ ၅ ကျပ်တန်တစ်ရွက်ပေးလိုက်၏။ မုန့်ဆိုင်က ငွေဘယ်လောက်ပြန်အမ်းရမည်နည်း။

၆။ မုန့်ဆိုင်၌ ၂ ကျပ်တန် မုန့် ၂ ခု ဝယ်လိုက်၏။ ၅ ကျပ်တန်ပေးလိုက်ရာ ငွေမည်မျှ ပြန်အမ်းရမည်နည်း။

## အခန်း(၄)

## ကိန်းဖတ်၊ ကိန်းရေး လေ့ကျင့်ခြင်း

၁။ ရွတ်ဆိုပါ။ ရေးပါ။

| | | |
|---|---|---|
| | | ၆ |
| | | ၇ |
| | | ၈ |
| | | ၉ |
| | | ၁၀ |



၁။ သစ်တစ်တန်ကို ၁၂၀၀၀၀ ကျပ်ပေးရ၏။ အောက်ပါတို့အတွက် ကုန်ကျငွေကိုတွက်ပါ။

(က) ၁" × ၁" ပေရှည် ၇၂ အတွက်

(ခ) ၆" × ၃" ပေရှည် ၃၆၀ အတွက်

(ဂ) ၃" × ၂" ပေရှည် ၅၉၁ အတွက်

## အခန်း(၁၅)

## နေ့စဉ်သုံးသင်္ချာ

**အချိန်**

| အချိန် | နေ့များ | မြန်မာလများ | |
|---|---|---|---|
| ၆၀ စက္ကန့် = ၁ မိနစ် | တနင်္ဂနွေ | * တန်ခူး | * သီတင်းကျွတ် |
| ၆၀ မိနစ် = ၁ နာရီ | တနင်္လာ | ကဆုန် | တန်ဆောင်မုန်း |
| ၂၄ နာရီ = ၁ ရက် | အင်္ဂါ | * နယုန် | * နတ်တော် |
| ၃၀ ရက် = ၁ လ | ဗုဒ္ဓဟူး | ဝါဆို | ပြာသို |
| ၁၂ လ = ၁ နှစ် | ကြာသပတေး | * ဝါခေါင် | * တပို့တွဲ |
| | သောကြာ | တော်သလင်း | တပေါင်း |
| | စနေ | * လများတွင် ၂၉ ရက်စီရှိသည်။ | |
| | | ကျန်လများတွင် ၃၀ ရက်စီရှိသည်။ | |

## အခန်း(၁၄)

### ပုစ္ဆာတွက်ခြင်း အစား

နမူနာ ၅၀ ÷ ၂ = ၂၅

```
     ၂၅
   ┌────
 ၂ │ ၅၀
   │-၄
   ───
     ၁၀
    -၁၀
   ───
      ၀
```

တွက်ပါ။

၁။ ၅၀၀၀ ÷ ၅

၂။ ၄၆၃ ကျပ် ၅၀ ပြား ÷ ၂

၃။ ၂၈၅ လက်မ ÷ ၃

၄။ ၄၄၆ ÷၂

၅။ ၄၇၅ ကျပ် ၄၀ ပြား ÷ ၂

၆။ ၁၂ ပေ ၈ လက်မ ÷ ၄

၇။ ၆၀ နာရီ ၄၅ မိနစ် ÷ ၃

၈။ ၄၀ ပိဿာ ၅၀ ကျပ်သား ÷ ၃

၉။ ငွေ ၇၂၈ ကျပ်ကို လုပ်သား ၇ ယောက်အား အညီအမျှခွဲဝေပေးသော် တစ်ဦးလျှင် မည်မျှရမည်နည်း။

၁၀။ ခေတ်ဆီ ၅ ဂါလံကို ၉၀၀ ကျပ်ပေး ရသော် ခေတ်ဆီ ၁ ဂါလံဖိုးရှာပါ။

နမူနာ

သစ်တစ်တန်ကို ၁၂၀၀၀ဝိ ကျပ်ပေးရ၏။ ၃" × ၂" ပေရှည် ၄၈၀ အတွက် ကျသင့်ငွေရှာပါ။

*	သစ်တစ်တန်သည် ၁" × ၁" × ၇၂၀၀' ဖြစ်သည်။

*	၃" × ၂" ၏ တန်ပေသည် $\frac{၇၂၀၀}{၃\times၂}$ = ၁၂၀၀ ဖြစ်သည်။

*	၃" × ၂" ပေရှည် ၁၂၀၀ အတွက် ငွေ = ၁၂၀၀၀ဝိ/-ကျပ်

၃" × ၂" ပေရှည် ၁ အတွက် $\frac{၁၂၀၀၀၀}{၁၂၀၀}$ = ၁၀ဝိ/-

ထို့ကြောင့် ၃" × ၂" ပေရှည် ၄၈၀ အတွက် = ၄၈၀၀ဝိ/-



၂။ ပေါင်းခြင်း (+)နှင့် နုတ်ခြင်း (-)ကို လေ့လာသုံးသပ်ပါ။

| + (ပိုများလာ၏) | - (လျော့နည်းသွား၏) |
|---|---|
| ၅ + ၁ = ၆ | ၆ - ၁ = ၅ |
| ၆ + ၁ = ၇ | ၇ - ၁ = ၆ |
| ၇ + ၁ = ၈ | ၈ - ၁ = ၇ |
| ၈ + ၁ = ၉ | ၉ - ၁ = ၈ |
| ၉ + ၁ = ၁၀ | ၁၀ - ၁ = ၉ |
| ၉<br>+ ၁<br>───<br>၁၀ | ၉<br>- ၁<br>───<br>၈ |

၃။ ပေါင်းပါ။

(က) ၅ + ၂ =		(စ) ၆ + ၃ =

(ခ) ၅ + ၃ =		(ဆ) ၆ + ၄ =

(ဂ) ၅ + ၄ =		(ဇ) ၇ + ၂ =

(ဃ) ၅ + ၅ =		(ဈ) ၇ + ၃ =

(င) ၆ + ၂ =		(ည) ၈ + ၂ =

၄။ နုတ်ပါ။

(က) ၁၀ - ၁ =		(စ) ၁၀ - ၆ =

(ခ) ၁၀ - ၂ =		(ဆ) ၁၀ - ၇ =

(ဂ) ၁၀ - ၃ =		(ဇ) ၁၀ - ၈ =

(ဃ) ၁၀ - ၄ =		(ဈ) ၁၀ - ၉ =

(င) ၁၀ - ၅ =		(ည) ၁၀ - ၁၀ =

## အခန်း(၅)

## " ၁ မှ ၁၀ ထိ ကိန်းများ "

၁။ တစ်မှ တစ်ဆယ်အထိ ကိန်းများကိုရေးပါ။

၂။ ကွက်လပ်ဖြည့်ပါ။

+ → -

| | | |
|---|---|---|
| ၁ | ၂ | |
| ၂ | ၁ | |
| | | + |

| | | |
|---|---|---|
| ၁၀ | ၆ | |
| ၆ | ၃ | |
| | | - |

၃။ နုတ်မေး၊ နုတ်ဖြေလေ့ကျင့်ပါ။

(က) လယ် ၆ ကေရှိ၏။ ၃ ကေ ထပ်ဝယ်သော် လယ်ကေ ဘယ်လောက်ရှိလာမလဲ။

(ခ) ရွာသုံးရွာရှိ၏။ မိုးမခရွာမှ အုန်းပင်ရွာအထိ ၃မိုင်ဝေးသည်။ အုန်းပင်ရွာမှ ထန်းတပင်ရွာအထိ ၇မိုင်ဝေးသည်။ မိုးမခရွာမှ ထန်းတပင်ရွာအထိ မိုင်ဘယ်လောက်ဝေးသလဲ။

(ဂ) လယ် ၉ ကေရှိသည်။ ၃ ကေစိုက်ပြီးသော် စိုက်ရန် ဘယ်လောက်ကျန်သလဲ။


(ဃ) ပစ္စည်းတစ်ခုကို ၇ ကျပ်ဖိုးဝယ်ရာ ၁၀ ကျပ်တန်ပေးလိုက်၏။ ငွေဘယ်လောက်ပြန်အမ်းမလဲ။

(င) ဆေးလိပ် ၂ ကျပ်ဖိုးဝယ်ရာ ၁၀ ကျပ်တန်ပေးလိုက်သော် ငွေဘယ်လောက်ပြန်အမ်းမလဲ။

(စ) ဆေးလိပ် ၃ ကျပ်ဖိုးနှင့် ကွမ်းယာ ၂ ကျပ်ဖိုးဝယ်၏။ ၁၀ ကျပ်တန် ပေးလိုက်သော် ငွေဘယ်လောက်ပြန်အမ်းမလဲ။



(ခ) ထုထည်ရှာခြင်း




ထုထည် = အလျား × အနံ × အမြင့်
= ၉ × ၁ × ၁
= ၉ ကုဗလက်မ

(ဂ) သစ်တန်တွက်

| |
|---|
| သစ် ၁ တန် = ၁" × ၁" × ၇၂၀၀' |

၆ လက်မ × ၂ လက်မပျဉ် ၁ တန်တွင် ပေရှည်မည်မျှရှိသနည်း။
၆ လက်မ × ၂ လက်မ = ၁၂ လက်မ
၇၂၀၀ ÷ ၁၂ = ၆၀၀'

| |
|---|
| သစ် ၁ တန် = ၁ ပေ × ၁ ပေ × ၅၀ ပေ |

၁။ အလျား ၃ ပေ၊ အနံ ၂ ပေ၊ အမြင့် ၁ ပေရှိသော သံသေတ္တာ၏ ထုထည်ကိုရှာပါ။
၂။ ၃" × ၃" (သုံးပတ်လည်)ပျဉ် ၁ တန်တွင် ပေရှည်မည်မျှရှိသနည်း။
၃။ ၄"× ၂" ပျဉ် ၁ တန်တွင် ပေရှည်မည်မျှရှိသနည်း။

## အခန်း(၁၃)

## “ ပုစ္ဆာတွက်ခြင်း (အမြှောက်) ”

**မြှောက်ခြင်း**

> သုညနှင့် မြှောက်ခြင်း
> သုညနှင့် ကိန်းတစ်ခုမြှောက်လျှင် သုညသာရသည်။
> ၀ × ၃ = ၃ × ၀ = ၀

**မြှောက်ခြင်းနမူနာများ**


(၁) ၂၅၃ × ၂

```
  ၂၅၃
×   ၂
─────
  ၅၀၆
```

(၂) ၁၂ ကျပ် ၂၀ ပြား × ၃

| ကျပ် | ပြား |
|---|---|
| ၁၂ | ၂၀ |
| × | ၃ |
| ၃၆ | ၆၀ |

**(က) ဧရိယာရှာခြင်း**




ဧရိယာ = အလျား × အနံ
= ၄ × ၂
= ၈ စတုရန်းကိုက်


> တစ်ဧက = ၄၈၄၀ စတုရန်းကိုက်



## အခန်း(၆)

## “ ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်) ”

၁။ ပုံကိုကြည့်၍ တွက်ပါ။




(က) ရွာသစ်၏ မိုင်တိုင်အမှတ်ကိုဖတ်ပါ။
(ခ) သာစုရွာ၏ မိုင်တိုင်အမှတ်ကိုဖတ်ပါ။
(ဂ) ရွာသစ်နှင့် သာစုရွာသည် မိုင်ဘယ်လောက် ကွာဝေးသလဲ။


၂။ မြမြသည် ဈေးမှ သရက်သီး ၄ လုံးနှင့် ဖရဲသီး ၅ လုံးဝယ်ခဲ့သော် သစ်သီးစုစုပေါင်း ဘယ်လောက်ဝယ်ခဲ့သလဲ။

၃။ မောင်မောင်တွင် ခဲတံ ၃ ချောင်း၊ အောင်အောင်တွင် ခဲတံ ၁ ချောင်း၊ နောင်နောင်တွင် ခဲတံ ၄ ချောင်းနှင့် မောင်ထွန်းတွင် ခဲတံ ၂ ချောင်းရှိ၏။ ခဲတံစုစုပေါင်း မည်မျှရှိသနည်း။

၄။ ပေါင်းပါ။
(က) ၅ + ၂ = (ခ) ၇ + ၃ = (ဂ) ၆ + ၃ =


၅။ နုတ်ပါ။
(က) ၉ - ၆ = (ခ) ၇ - ၃ = (ဂ) ၅ - ၂ =

၆။ သရက်ပင်ရွာနှင့် အုန်းပင်ရွာသည် ဘယ်လောက်ဝေးသလဲ။




## အခန်း(၇)


### ကိန်းရေး၊ ကိန်းဖတ် လေ့ကျင့်ခြင်း



၁၀ + ၁ = ၁၁



၁၀ + ၅ = ၁၅



၂၀ + ၄ = ၂၄

၁။ ကိန်းဖတ်ပါ။

၃၃ ၊ ၈၇ ၊ ၄၆ ၊ ၁၂ ၊ ၇၃

၂၄ ၊ ၄၄ ၊ ၅၃ ၊ ၃၉ ၊ ၂၂

၉၉ ၊ ၆၀ ၊ ၄၅ ၊ ၈၁ ၊ ၅၈

၂။ ကိန်းရေးပါ။

(က) နှစ်ဆယ့်ငါး (ခ) ကိုးဆယ့်ခြောက် (ဂ) ခုနစ်ဆယ့်ငါး

(ဃ) သုံးဆယ့်လေး (င) တစ်ဆယ့်ကိုး (စ) ရှစ်ဆယ့်သုံး



၃။ နုတ်ပါ။

နမူနာ (၁) ၅၄၃ - ၁၃၂ ကို တွက်ပါ။

```
  ၅၄၃
- ၁၃၂
  ၄၁၁
```

နမူနာ (၂) ၆၃၄ - ၁၈၅ ကို တွက်ပါ။

```
  ၆၃၄
- ၁၈၅
  ၄၄၉
```

(က) ၆၄၃ - ၂၁၄ =

(ခ) ၈၄၇၅ - ၁၂၄၈ =

(ဂ) ၅ ပေ ၃ လက်မ - ၃ ပေ ၅ လက်မ =

(ဃ) ၆ ပေ ၂ လက်မ - ၄ ပေ ၃ လက်မ =

(င) ၃၅၇ ကျပ် ၅၀ ပြား - ၂၁၈ ကျပ် ၇၅ ပြား =

၄။ မောင်ဘ၏ အလေးချိန်သည် ၁၂၀ ပေါင်ရှိ၍ မောင်လှ၏ အလေးချိန်မှာ ၈၅ ပေါင်ဖြစ်သော် နှစ်ဦးပေါင်းမည်မျှလေးသနည်း။

၅။ ဦးတင်၏ လုပ်အားခငွေမှာ ၇၅၀၀ ကျပ်ဖြစ်၍ ၇၃၂၀ ကျပ်သုံးသော် လက်ကျန်ငွေမည်မျှဖြစ်မည်နည်း။

၆။ အစည်းအဝေး စချိန်သည် နံနက် ၁၀ နာရီ ၃၀ မိနစ်ဖြစ်၍ အစည်းအဝေး ကြာချိန်မှ ၂ နာရီ ၄၅ မိနစ်ဖြစ်သော် အစည်းအဝေးသည် မည်သည့် အချိန်တွင် ပြီးသနည်း။

၂။ ပေါင်းပါ။

(က)

| ကျပ် | ပြား |
|---|---|
| ၂၁၆ | ၂၅ |
| ၃၁၄ | ၄၀ |
| ၉၂ | ၁၀ |

ပြား ၁၀၀ = ၁ ကျပ်

(ခ)

| ပေ | လက်မ |
|---|---|
| ၆ | ၃ |
| ၄ | ၇ |
| ၅ | ၄ |

၁၂ လက်မ = ၁ ပေ

(ဂ)

| ပိဿာ | ကျပ်သား |
|---|---|
| ၂၅ | ၅၀ |
| ၃၆ | ၄၀ |
| ၄၇ | ၂၅ |

၁ ပိဿာ = ၁၀၀ ကျပ်သား

(ဃ)

| နာရီ | မိနစ် |
|---|---|
| ၃ | ၄၅ |
| ၄ | ၂၅ |
| ၂ | ၁၅ |

မိနစ် ၆၀ = ၁ နာရီ

(င)

| မိုင် | ဖာလုံ |
|---|---|
| ၃၀၆ | ၅ |
| ၅၂၁ | ၄ |

၈ ဖာလုံ = ၁ မိုင်



## အခန်း(၈)

## ကိန်းစနစ်ကို လေ့ကျင့်ခြင်း

ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ
ညာမှ ဘယ်သို့ ရေတွက်၍ ဖတ်ပါလေ။

၁။ ကိန်းများကိုဖတ်ပါ။

(က) ၂၈
(ခ) ၆၂၈
(ဂ) ၇၆၂၈
(ဃ) ၄၇၆၂၈
(င) ၃၄၇၆၂၈
(စ) ၂၃၄၇၆၂၈

**နမူနာ**

၇ ၇ ၃
ရာ ဆယ် ခု ← ရေတွက်
ဖတ် →
ခုနစ်ရာခုနစ်ဆယ်သုံး

၂။ နမူနာပြထားသည့်အတိုင်း ကိန်းများကိုရေးပါ။

**နမူနာ**

၁၆ = ၁၀ + ၆
၃၇၆ = ၃၀၀ + ၇၀ + ၆
၄၃၆၇ = ၄၀၀၀ + ၃၀၀ + ၆၀ + ၇

၄ ၃ ၆ ၇ = လေးထောင်သုံးရာခြောက်ဆယ်ခုနစ်

ထောင် ရာ ဆယ် ခု = ၄၀၀၀ + ၃၀၀ + ၆၀ + ၇

(က) ၃၈ ၊ ၄၇ ၊ ၃၈၆ ၊ ၄၇၈
(ခ) ၃၈၆၄ ၊ ၄၇၈၂ ၊ ၅၂၅၃ ၊ ၉၇၃၅

## အခန်း(၉)

## “ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်)”

**ပေါင်းပါ။**

| | | | |
|---|---|---|---|
| ၁၅ | ၆၇ | ၁၆ | ၁၈ |
| + ၁၁ | + ၂၄ | + ၂၅ | + ၉ |
| ၂၆ | ၉၁ | ၄၁ | ၂၇ |

၁။ ပေါင်းပါ။

(က) ၆ + ၇ + ၈ =

(ခ) ၅ + ၈ + ၉ =

(ဂ) ၄ + ၉ + ၈ =

(ဃ) ၃၂ + ၄၅ =

(င) ၆၆ + ၅၅ =

၂။ တွက်ပါ။ (စုစုပေါင်း၊ ပေါင်းဆိုလျှင် (+)။ ကျန်သနည်းဆိုလျှင် (-))

(က) စပါး ၁၈ တင်းရှိ၏။ ၉ တင်းထပ်၍ ဝယ်သော် စပါးတင်းစုစုပေါင်း မည်မျှရှိသနည်း။

(ခ) ဝက် ၂၇ ကောင်ရှိ၏။ ၅ ကောင်ထပ်ဝယ်သော် ဝက်ဘယ်နှစ်ကောင် ရှိလာမည်နည်း။

(ဂ) ဆီ ၂၆ ပိဿာရှိ၏။ ၄ ပိဿာသုံးလိုက်သော် မည်မျှကျန်သနည်း။

(ဃ) ငွေ ၃၇၅ ကျပ်ရှိ၏။ ၂၃၇ ကျပ်သုံးလိုက်သော် မည်မျှကျန်မည်နည်း။

(င) ရွာတစ်ရွာတွင် ၅၇၈ အိမ်ရှိရာမှ နောက်ထပ် ၂၅ အိမ်ထပ်တိုးလာသော် ထိုရွာတွင် စုစုပေါင်း အိမ်မည်မျှရှိသနည်း။



၅။ ငါးတစ်ပိဿာကို ၂၀၀၀ ကျပ်ပေးရ၏။ အောက်ပါတို့ကို တွက်ပါ။

(က) တစ်ဆယ်သားဖိုး

(ခ) ငါးကျပ်သားဖိုး

(ဂ) တစ်ဆယ့်ငါးကျပ်သားဖိုး

(ဃ) အစိတ်သားဖိုး

(င) အဝက်သားဖိုး

၆။ ပိတ်တစ်ကိုက်ကို ၆၀၀ ကျပ်ပေးရ၏။

| |
|---|
| ၁ ကိုက် = ၂ တောင် = ၄ ထွာ = ၈ မိုက် |

(က) ပိတ် ၁ တောင်ဖိုး

(ခ) ပိတ် ၁ ထွာဖိုး

(ဂ) ပိတ် ၁ မိုက်ဖိုး

(ဃ) ပိတ် ၃ ကိုက်ဖိုး

(င) ပိတ် ၅ တောင်ဖိုး

(စ) ပိတ် ၂ တောင် ၁ ထွာဖိုး

(ဆ) ပိတ် ၂ တောင် ၁ မိုက်ဖိုး

(ဇ) ပိတ် ၂ တောင် ၁ မိုက်လျော့ဖိုး

*(မှတ်ချက်။ ။ တွက်ပုံကို ပြောပြခိုင်းပါ)*

## အခန်း(၁၂)

## “ ပုစ္ဆာတွက်ခြင်း (အပေါင်းနှင့်အနုတ်) ”

၁။ ပေါင်းပါ။

(က) ၅၄၂ + ၃၂၁ + ၁၃၆ =

(ခ) ၅၆၇ + ၄၅၉ =

(ဂ) ၆၀၄ + ၅၄၀ + ၃၀၃ =

(ဃ) ၆၃ + ၂၈၆ + ၄၀၃ =

(င) ၃ + ၄၃ + ၁၀၃ =

၁။ တစ်ပိဿာကို ၃၀၀၀ ကျပ်ပေးရလျှင် အောက်ပါတို့ကို တွက်ပါ။

(က) ၅၀ ကျပ်သားဖိုး
(ခ) ၂၅ ကျပ်သားဖိုး
(ဂ) ၁၀ ကျပ်သားဖိုး
(ဃ) ၅ ကျပ်သားဖိုး
(င) ၃၅ ကျပ်သားဖိုး
(စ) ၇၅ ကျပ်သားဖိုး
(ဆ) ၁၅ ကျပ်သားဖိုး
(ဇ) ၃၀ ကျပ်သားဖိုး
(ဈ) ၅၅ ကျပ်သားဖိုး
(ည) ၆၀ ကျပ်သားဖိုး

၂။ တစ်တင်းသည် ၁၆ ပြည်ရှိ၏။ တစ်ခွဲသည် ၈ ပြည်ရှိ၏။ တစ်စိတ်သည် ၄ ပြည်ရှိ၏။ တစ်ပြည်သည် နို့ဆီဘူး ၈ လုံးရှိ၏။
တစ်တင်းကို ၆၄၀၀ ကျပ်ပေးရလျှင် အောက်ပါတို့ကို တွက်ပါ။

(က) ၈ ပြည်ဖိုး
(ခ) တစ်စိတ်ဖိုး
(ဂ) တစ်ပြည်ဖိုး
(ဃ) နို့ဆီတစ်ဘူးဖိုး
(င) ၁ တင်းခွဲဖိုး

၃။ ၂ တင်းကို ၆၀၀၀ ကျပ်ပေးရ၏။ အောက်ပါတို့ကို တွက်ပါ။

(က) ၁ တင်းဖိုး
(ခ) ၅ တင်းဖိုး
(ဂ) ၄ တင်းဖိုး

၄။ သဲတစ်ကျင်းတွင် သဲ ၄ ဇလားပါသည်။ သဲတစ်ကျင်းကို ၈၀၀၀ ကျပ်ပေးရသည်။ အောက်ပါတို့ကို တွက်ပါ။

(က) သဲ ကျင်းတစ်ဝက်ဖိုး
(ခ) သဲ ၁ ဇလားဖိုး
(ဂ) သဲ ၃ ဇလားဖိုး



## အခန်း(၁၀)

## အမြှောက်

| |
|---|
| အမြှောက် (×) သည် အဆတိုးခြင်းကို ပြသည်။ |
| ၅ × ၂ = ၅ + ၅ = ၁၀ |
| ၅ × ၃ = ၅ + ၅ + ၅ = ၁၅ |

နမူနာကိုကြည့်ပါ။

| တစ်ဦးအတွက်ကားခ(ကျပ်) | × | ဦးရေ | = | သင့်ငွေ(ကျပ်) |
|---|---|---|---|---|
| ၅ | × | ၁ | = | ၅ |
| ၅ | × | ၂ | = | ၁၀ |
| ၅ | × | ၃ | = | ၁၅ |
| ၅ | × | ၄ | = | ၂၀ |
| ၅ | × | ၅ | = | ၂၅ |
| ၅ | × | ၆ | = | ၃၀ |
| ၅ | × | ၇ | = | ၃၅ |
| ၅ | × | ၈ | = | ၄၀ |
| ၅ | × | ၉ | = | ၄၅ |
| ၅ | × | ၁၀ | = | ၅၀ |

**အမြှောက်အလီတိုင်ဇယားကို အလွတ်ရအောင်ကျက်မှတ်ပါ။**

| ၂ × ၃ = ၃ × ၂ = ၆ |
|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁×၁=၁ | | | | | | | | |
| ၁×၂=၂ | ၂×၂=၄ | | | | | | | |
| ၁×၃=၃ | ၂×၃=၆ | ၃×၃=၉ | | | | | | |
| ၁×၄=၄ | ၂×၄=၈ | ၃×၄=၁၂ | ၄×၄=၁၆ | | | | | |
| ၁×၅=၅ | ၂×၅=၁၀ | ၃×၅=၁၅ | ၄×၅=၂၀ | ၅×၅=၂၅ | | | | |
| ၁×၆=၆ | ၂×၆=၁၂ | ၃×၆=၁၈ | ၄×၆=၂၄ | ၅×၆=၃၀ | ၆×၆=၃၆ | | | |
| ၁×၇=၇ | ၂×၇=၁၄ | ၃×၇=၂၁ | ၄×၇=၂၈ | ၅×၇=၃၅ | ၆×၇=၄၂ | ၇×၇=၄၉ | | |
| ၁×၈=၈ | ၂×၈=၁၆ | ၃×၈=၂၄ | ၄×၈=၃၂ | ၅×၈=၄၀ | ၆×၈=၄၈ | ၇×၈=၅၆ | ၈×၈=၆၄ | |
| ၁×၉=၉ | ၂×၉=၁၈ | ၃×၉=၂၇ | ၄×၉=၃၆ | ၅×၉=၄၅ | ၆×၉=၅၄ | ၇×၉=၆၃ | ၈×၉=၇၂ | ၉×၉=၈၁ |

**မြန်မာအလျားတိုင်း**

| | |
|---|---|
| ၂ မိုက် | = ၁ ထွာ |
| ၂ ထွာ | = ၁ တောင် |
| ၂ တောင် | = ၁ ကိုက် |

၁ကိုက်=၂တောင်=၄ထွာ=၈မိုက်

**အင်္ဂလိပ်အလျားတိုင်း**

| | |
|---|---|
| ၁၂ လက်မ | = ၁ ပေ |
| ၃ ပေ | = ၁ ကိုက် |
| ၁ မိုင် | = ၅၂၈၀ ပေ |
| | = ၁၇၆၀ ကိုက် |

၁။ တစ်ဦးလျှင် ဗီဒီယိုရုံဝင်ခ ၅ ကျပ်ပေးရ၏။ ၇ ဦးအတွက် ငွေဘယ်လောက်ပေးရသလဲ။

၂။ သရက်သီးတစ်လုံးကို ၈ ကျပ်ပေးရ၏။ သရက်သီး ၉ လုံးဝယ်သော် ငွေဘယ်လောက်ပေးရသလဲ။

၃။ အလှူခံပုံးထဲ၌ ၅ ကျပ်တန်ကိုးရွက်၊ ၁ ကျပ်တန်ခြောက်ရွက်ရှိသည်။ စုစုပေါင်းအလှူခံငွေ ဘယ်လောက်ရှိသလဲ။



၄။ အောက်ပါတို့ကို ပေနှင့်တောင် ဖွဲ့ပါ။
(က) ၅ ကိုက် (ခ) ၇ ကိုက် (ဂ) ၁၃ ကိုက်

## အခန်း(၁၁)

### အစား

အစား(÷)သည် အဆလျော့ခြင်း၊ အညီအမျှခွဲဝေခြင်းကိုပြသည်။
အောက်ပါနမူနာကိုကြည့်ပါ။

| ကျပ်ငွေပေါင်း | ÷ | လူဦးရေ | = | တစ်ဦးရရှိငွေ |
|---|---|---|---|---|
| ၂ | ÷ | ၂ | = | ၁ |
| ၄ | ÷ | ၂ | = | ၂ |
| ၆ | ÷ | ၃ | = | ၂ |
| ၈ | ÷ | ၄ | = | ၂ |
| ၁၀ | ÷ | ၂ | = | ၅ |
| ၁၂ | ÷ | ၆ | = | ၂ |
| ၁၄ | ÷ | ၂ | = | ၇ |
| ၁၆ | ÷ | ၄ | = | ၄ |
| ၁၈ | ÷ | ၆ | = | ၃ |
| ၉၀ | ÷ | ၉ | = | ၁၀ |
| ၁၀၀ | ÷ | ၁၀ | = | ၁၀ |

နမူနာပုစ္ဆာ ၁။ ငွေ ၁၀၀ ကျပ်ကို ကလေး ၁၀ ဦးအား အညီအမျှဝေပေးလျှင် တစ်ဦးလျှင် မည်မျှရမည်နည်း။
အဖြေ။ ၁၀၀ ÷ ၁၀ = ၁၀ ကျပ်

နမူနာပုစ္ဆာ ၂။ ပိတ် ၄ ကိုက်ကို ၂၈၀၀ ကျပ်ပေးရ၏။ ပိတ် ၂ ကိုက်ဖိုး၊ ၁ ကိုက်ဖိုးတွက်ပါ။
အဖြေ။ ပိတ် ၁ ကိုက်ဖိုး။ ၂၈၀၀ ÷ ၄ = ၇၀၀ ကျပ်
ပိတ် ၂ ကိုက်ဖိုး။ ၇၀၀ × ၂ = ၁၄၀၀ ကျပ်

## အမြှောက်အလီတိုင်ဇယား

(၁) ၂ × ၃ = ၃ × ၂ = ၆ ဖြစ်၍
၂ × ၃ = ၆ ရလျှင် ၃ × ၂ = ၆ အလိုလိုရပြီးဖြစ်သည်။

(၂) မည်သည့်ကိန်းကိုမဆို ၀ (သုည)နှင့်မြှောက်လျှင် မြှောက်လဒ်သည် ၀ (သုည) ပင်ဖြစ်သည်။

(၃) အမြှောက်အလီတိုင်ဇယားကို အလွတ်ရအောင်ကျက်မှတ်ပါ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁×၁=၁ | | | | | | | | |
| ၁×၂=၂ | ၂×၂=၄ | | | | | | | |
| ၁×၃=၃ | ၂×၃=၆ | ၃×၃=၉ | | | | | | |
| ၁×၄=၄ | ၂×၄=၈ | ၃×၄=၁၂ | ၄×၄=၁၆ | | | | | |
| ၁×၅=၅ | ၂×၅=၁၀ | ၃×၅=၁၅ | ၄×၅=၂၀ | ၅×၅=၂၅ | | | | |
| ၁×၆=၆ | ၂×၆=၁၂ | ၃×၆=၁၈ | ၄×၆=၂၄ | ၅×၆=၃၀ | ၆×၆=၃၆ | | | |
| ၁×၇=၇ | ၂×၇=၁၄ | ၃×၇=၂၁ | ၄×၇=၂၈ | ၅×၇=၃၅ | ၆×၇=၄၂ | ၇×၇=၄၉ | | |
| ၁×၈=၈ | ၂×၈=၁၆ | ၃×၈=၂၄ | ၄×၈=၃၂ | ၅×၈=၄၀ | ၆×၈=၄၈ | ၇×၈=၅၆ | ၈×၈=၆၄ | |
| ၁×၉=၉ | ၂×၉=၁၈ | ၃×၉=၂၇ | ၄×၉=၃၆ | ၅×၉=၄၅ | ၆×၉=၅၄ | ၇×၉=၆၃ | ၈×၉=၇၂ | ၉×၉=၈၁ |

**မြန်မာအလျားတိုင်း**

၂ မိုက် = ၁ ထွာ
၂ ထွာ = ၁ တောင်
၂ တောင် = ၁ ကိုက်
၁ကိုက်=၂တောင်=၄ထွာ=၈မိုက်

**အင်္ဂလိပ်အလျားတိုင်း**

၁၂ လက်မ = ၁ ပေ
၃ ပေ = ၁ ကိုက်
၁ မိုင် = ၅၂၈၀ ပေ
= ၁၇၆၀ ကိုက်

# ပညာရေးဝန်ကြီးဌာန

# အခြေခံစာတတ်မြောက်ရေး

# (အခြေခံသင်္ချာ)

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
၂၀၁၃ - ခုနှစ်